# ချင်းအမျိုးသားတပ်ဦး

# ပါတီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၂၀၂၄)

**သတ္တမအကြိမ်ပါတီညီလာခံသက်တမ်း၊ အဋ္ဌမအကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေး (၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်) တွင် ပြင်ဆင်ပြဋ္ဌာန်းပြီး အဋ္ဌမအကြိမ်ပါတီညီလာခံ၊ ပဋ္ဌမနေ့ (၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်) တွင် ထပ်လောင်းအတည်ပြုပြဋ္ဌာန်းလိုက်သည်။**

# နိဒါန်း

ကျနော်ပ်တို့ ချင်းလဲန် နှင့် ချင်းလူမျိုးများသည် နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်နိုင်သော ချင်းလူမျိုးများနေထိုင်ရာ နယ်မြေ၊ နယ်နိ မိတ်အထင်အရှားတည်ရှိခြင်း၊ ထိုနယ်မြေတွင် သင့်တင့်လျောက်ပတ်သော လူဦးရေရှိခြင်း၊ တိုင်းတစ်ပါးကိုလိုနီဘ၀ မကျ ရောက်မီက ချင်းမျိုးနွယ်စုအလိုက် ရမ်အုပ် (Chieftain) များဖြင့် အုပ်ချုပ်ခြင်း၊ အခြား တိုင်းနိုင်ငံများနှင့် ကူးလူး ဆက်ဆံရေး တည်ရှိခဲ့ခြင်း စသည့် အင်္ဂါရပ်များဖြင့် ပြည့်စုံသည့်အပြင် လူမျိုးတစ်မျိုး အဖြစ် သတ်မှတ်နိုင်သည့် သီးခြား ဂုဏ်အင် လက္ခဏာများဖြစ်သည့် တူညီသော ယဉ်ကျေးမှု၊ ဘာသာစကား နှင့် စာပေရှိခြင်း၊ ခိုင်မာသော ချင်းအမျိုးသား သမိုင်း ရှိခြင်း၊ မိမိတို့ ချင်းလူမျိုးများနေထိုင်ရာ နယ်နိမိတ် အထင်အရှား တည်ရှိခြင်း၊ သင့်တင့်သော လူဦးရေရှိခြင်းနှင့် သမိုင်း တစ်လျှောက် အမျိုးသားနိုင်ငံရေး နိုးကြားမှုရှိခြင်းများကို ထင်ရှားစွာ တွေ့ရှိရသည်။

ဤသို့ဖြင့် ချင်းလဲန် နှင့် ချင်းလူမျိုးတို့သည် မည်သည့်တိုင်းတစ်ပါးသားတို့၏ လက်အောက်ခံမှုမဖြစ်ခဲ့ဘဲ နှစ်ပေါင်းများစွာ သီးခြားရပ်တည်လာခဲ့ရာမှ ဗြိတိသျှတို့၏ လက်အောက်သို့ ၁၈၉၅ ခုနှစ်မှ စတင်၍ တဖြည်းဖြည်း ကျရောက်ခဲ့သည်။ ဗြိတိသျှမှ The Chin Hills Regulation, 1896 ဖြင့် သီးခြားအုပ်ချုပ်လာခဲ့သော ချင်းလဲန် သည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ (၁၂) ရက်နေ့တွင် ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်အရ ကချင်ပြည်၊ ရှမ်းပြည်၊ ဗမာပြည်မတို့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံကို စုပေါင်း၍ ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ပင်လုံစာချုပ်အရ တည်ထောင်ခဲ့သော ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင် ငံ တွင် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ပါရှိခဲ့သော်လည်း ဗမာလူမျိုးကြီးဝါဒီတို့ကြောင့် ချင်းလူမျိုးတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခွင့်အရေးများ၊ မူလရပိုင်ခွင့်များဖြစ်သည့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ မွေးရာပါအခွင့်အရေးများ၊ ဒီမိုကရေစီ အခွင့်အရေးများ၊ ချင်းအမျိုးသား စည်းလုံးညီညွတ်မှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုများကိုလက်လွှတ်ဆုံးရှုံးခဲ့ရသည်။

ထို လက်လွှတ်ဆုံးရှုံးခဲ့ရသော အခွင့်အရေးများကို ပြန်လည်ရရှိနိုင်ရန် နှင့် သာယာဝပြောသော အနာဂါတ် ချင်းလဲန်ကို တည်ထောင်နိုင်ရေးအလို့ငှါ ချင်းအမျိုးသားတပ်ဦးကို ၁၉၈၈ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။ တပ်ဦး၏ ဦးဆောင်မှုကဏ္ဍအရပ်ရပ်တွင် စနစ်တကျ တာဝန်ခွဲဝေပေးမှု၊ တရားမျှတမှု နှင့် အုပ်ချုပ်ရေးယန္တရား ချောမွေ့စွာ လည်ပတ်နိုင်စေရန် ဤဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ပြဋ္ဌာန်းရပေသည်။ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ၌ အဖွဲ့ အစည်း၏ အမြင့်ဆုံးအာဏာသည် ညီလာခံတွင် တည်ရှိ၍ ထိုမှ သက်ဆိုင်ရာသို့ ဆင်းသက်လာစေခြင်းဖြစ်သည်ကိုလည်း ကောင်း၊ အာဏာကြီး သုံးရပ်ဖြစ်သည့် ဥပဒေပြုအာဏာကို ဗဟိုကော်မတီတွင် လည်းကောင်း၊ အုပ်ချုပ်ရေး (သို့မဟုတ်) စီမံခန့်ခွဲမှု အာဏာကို ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင်လည်းကောင်း၊ တရားစီရင်ရေးအာဏာကို ဗဟိုတရားသူကြီး အဖွဲ့တွင် လည်းကောင်း၊ အာဏာကို စနစ်တကျ သီးသန့်ခွဲဝေပေးထားပြီး အဖွဲ့အစည်းအတွင်း အာဏာရှင်/ အာဏာရှင် စနစ် ပေါ်ထွက်လာခြင်းမရှိစေရန် အာဏာ နှင့် လုပ်ပိုင်ခွင့်များ အပြန်အလှန် ထိန်းညှိသည့်စနစ်ကို ကျင့်သုံးထားပါသည်။

ဥပဒေပြုခွင့်အာဏာရှိပြီး မူဝါဒ နှင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည့် ချင်းအမျိုးသားတပ်ဦး၏ ဗဟိုကော်မတီတွင် တော်သူ ရှေ့ဆောင်၊ လူမှန်နေရာမှန်၊ ဒေသစုံ၊ မျိုးနွယ်စုံ ၊ ချင်းအမျိုးသားတရပ်ဖြစ်သည် ဟူသည့် မူကို အခြေခံပြီး ရွေးချယ်ထား သည့် ကိုယ်စားလှယ်များ တက်ညီလက်ညီပါဝင်နိုင်ရေးကို ဦးတည်၍ ဒေသန္တာရ ကိုယ်စားလှယ်များ အစုအဖွဲ့၊ အမျိုးသမီး ကိုယ်စားလှယ်များ အစုအဖွဲ့ နှင့် ပါတီထု ကိုယ်စားလှယ်များ အစုအဖွဲ့၊ စုစုပေါင်း အစုအဖွဲ့ (၃) ခုမှ သင့်လျော်သော ကိုယ် စားလှယ်များဖြင့် ဗဟိုကော်မတီကို ဖွဲ့စည်းသည်။

ထို့ကြောင့် ကျနော်ပ်တို့သည် ချင်းအမျိုးသားတော်လှန်ရေးကာလတစ်လျှောက်တွင် ချင်းအမျိုးသားလွတ်မြောက်ရေးအတွက် အမျိုးသားသွေးစည်းညီညွတ်ရေးကို ပိုမိုကျစ်လစ်ခိုင်မာအောင် တည်ဆောက်ရန် သံန္နိဋ္ဌာန်ပြုလျက် ချင်းအမျိုးသားတပ်ဦး ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အဖွဲ့အစည်း၏ အမြင့်ဆုံးဥပဒေအဖြစ် တညီတညွတ်တည်း အခိုင်အမာ ယုံကြည် လက်ခံကာ ချင်းလူမျိုးတို့၏ လူမှုအသိုက်အဝန်း၊ ဓလေ့ထုံးတမ်း၊ ပကတိ အခြေအနေနှင့်အညီ ရေးဆွဲခြင်း ဖြစ်ပေသည်။

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| • နိဒါန်း | --------------- | ၂ |
| • အခန်း (၁) အမည်နှင့် အမျိုးသားအင်္ဂါရပ်များ | --------------- | ၄ |
| • အခန်း (၂) ရည်မှန်းချက်ပန်းတိုင် | --------------- | ၅ |
| • အခန်း (၃) ညီလာခံ | --------------- | ၆ |
| • အခန်း (၄) ဗဟိုကော်မတီ | --------------- | ၈ |
| • အခန်း (၅) ဗဟိုအလုပ်အမှုဆောင်ကော်မတီ | --------------- | ၁၁ |
| • အခန်း (၆) ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများ၊ နာယကများ၊ အထွေထွေ အတွင်းရေးမှူး၊ လက်ထောက်အထွေထွေအတွင်းရေးမှူးများ | --------------- | ၁၂ |
| • အခန်း (၇) ပါတီဝင်ဖြစ်ခြင်း၊ အခြေခံရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ | --------------- | ၁၅ |
| • အခန်း (၈) ဗဟိုတရားစီရင်ရေး | --------------- | ၁၆ |
| • အခန်း (၉) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပြင်ဆင်ခြင်း | --------------- | ၁၈ |
| • အခန်း (၁၀) အထွေထွေပြဋ္ဌာန်းချက်များ | --------------- | ၁၈ |
| • နောက်ဆက်တွဲ - ကတိပြုချက်ပုံစံ | --------------- | ၁၉ |

## အခန်း (၁)

## အမည် နှင့် အမျိုးသားအင်္ဂါရပ်များ

**ပုဒ်မ ၁။ ဥပဒေအမည်**

ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို " ချင်းအမျိုးသားတပ်ဦး၏ ပါတီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ " (The Constitution of Chin National Front) ဟု ခေါ်တွင်ရမည်။

**ပုဒ်မ ၂။ ပါတီအမည်**

ချင်းအမျိုးသားနိုင်ငံရေး နှင့် တော်လှန်ရေးဦးဆောင်ပါတီကို ချင်းအမျိုးသားတပ်ဦး (Chin National Front) ဟု ခေါ်တွင်ရမည်။

**ပုဒ်မ ၃။ ပိုင်နက်နယ်မြေ**

ချင်းအမျိုးသားပိုင်နက်နယ်မြေကို ချင်းလဲန် - Chinland ဟု ခေါ်တွင်ရမည်။

**ပုဒ်မ ၄။ တပ်မတော်အမည်**

အမျိုးသားတော်လှန်ရေးတပ်မတော်ကို ချင်းအမျိုးသားတပ်မတော်-Chin National Army ဟုခေါ်တွင်ရမည်။

**ပုဒ်မ ၅။ ချင်းအမျိုးသားအလံတော် (Chin National Flag)**

ချင်းအမျိုးသားအလံတော်သည် -

(က) အရွယ်အစားတူညီသော အရောင်သုံးမျိုးဖြစ်သည့် အနီရောင်ကို အလံတော်၏ အပေါ်ပိုင်း၌ လည်းကောင်း၊ အဖြူရောင်ကို အလံတော်၏ အလယ်ပိုင်း၌ လည်းကောင်း၊ အပြာရောင်ကို အလံတော်၏ အောက်ပိုင်း၌ လည်းကောင်း အလျားလိုက် ပါရှိရမည်။

(ခ ) အလံတော်၏ အလယ်တည့်တည့်တွင် ချင်းလဲန်၏ အမှတ်တံဆိပ်ပါရှိသော အဖြူရောင်စက်ဝိုင်းကို ထားရှိရမည်။

(ဂ ) အရွယ်အစားအားဖြင့် (၁၂ ပေ x ၈ ပေ)၊ (၉ ပေ x ၅ ပေ)၊ (၇ ပေ x ၄ ပေ)၊ (၅ ပေ x ၃ ပေ)၊ (၉ လက်မ x ၅ လက်မ) (၇ လက်မ x ၄ လက်မ) နှင့် (၅ လက်မ x ၃ လက်မ) အသီးသီး ရှိရမည်။



**ပုဒ်မ ၆။ အမှတ်တံဆိပ်**

ချင်းအမျိုးသားတပ်ဦးသည် အောက်ဖော်ပြပါ ချင်းလဲန်၏ အမှတ်တံဆိပ်ကို အသုံးပြုသည်။



**ပုဒ်မ ၇။ ရုံးတံဆိပ်**

ချင်းအမျိုးသားတပ်ဦး၏ ရုံးတံဆိပ်သည် -

(က) ချင်းလဲန်၏ အမှတ်တံဆိပ် ပါရှိရမည်။

(ခ) စက်ဝိုင်းပေါ်တွင် အင်္ဂလိပ်စာတန်းဖြင့် CHIN NATIONAL FRONT ဟု အပေါ်ပိုင်း အဝန်းအလိုက် လည်းကောင်း၊ CHINLAND ဟု အောက်ပိုင်း အဝန်းစာလိပ်အလိုက်လည်းကောင်း ရေးထိုးရမည်။

(ဂ) စာတန်း၏ အရှေ့၌လည်းကောင်း၊ အနောက်၌လည်းကောင်း၊ ငါးထောင့်ကြယ်တစ်လုံးစီ ပါရှိရမည်။

**ပုဒ်မ ၈။ ရုံးသုံးဘာသာစကား**

ချင်းအမျိုးသားတပ်ဦး၏ ရုံးသုံးဘာသာစကားအဖြစ် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာစလုံးကို သတ်မှတ်သည်။ ချင်းမျိုးနွယ်စု အသီးသီး၏ ဘာသာစကားများကိုလည်း ကာလ၊ ဒေသ၊ အခြေအနေအရ ရုံးသုံးဘာသာစကားအဖြစ် လွတ်လပ်စွာ အသုံးပြုနိုင်သည်။

**ပုဒ်မ ၉။ ဦးဆောင်မှုစနစ်**

ချင်းအမျိုးသားတပ်ဦးသည် ဒီမိုကရေစီ ဗဟိုဦးစီးစနစ်ကို ကျင့်သုံးသည်။

**ပုဒ်မ ၁၀။ အမြင့်ဆုံးဥပဒေ**

ချင်းအမျိုးသားတပ်ဦး၏ ပါတီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် တပ်ဦး၏ အမြင့်ဆုံးဥပဒေ ဖြစ်သည်။

## အခန်း (၂)

## ရည်မှန်းချက် ပန်းတိုင်

**ပုဒ်မ ၁၁။ ရည်မှန်းချက်ပန်းတိုင်**

ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်များမှာ -

(က) အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံချက်ရှိသော ချင်းလဲန်တည်ဆောက်ရန်၊

(ခ) နိုင်ငံရေးနှင့် အမျိုးသားတန်းတူရေး အာမခံချက်ရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် နှင့်

(ဂ) ဒီမိုကရေစီစနစ် တည်ဆောက်ရန်တို့ ဖြစ်သည်။

## အခန်း (၃)

## ညီလာခံ

**ပုဒ်မ ၁၂။ ပါတီညီလာခံခေါ်ယူကျင်းပခြင်း**

ချင်းအမျိုးသားတပ်ဦး၏ -

(က) ပါတီညီလာခံကို ဗဟိုကော်မတီ အစည်းအဝေး တက်ရောက်သူ၏ (၇၅) ရာခိုင်နှုန်း ထောက်ခံမဲဖြင့် ခေါ်ယူရမည်။

(ခ ) ပါတီညီလာခံ ကျင်းပရေးကော်မတီကို ဗဟိုကော်မတီက ဖွဲ့စည်းပေးရမည်။

(ဂ ) ပါတီညီလာခံတွင် ပါဝင်တက်ရောက်မည့် ကိုယ်စားလှယ်ဦးရေအား ဗဟိုကော်မတီက ကန့်သတ် ရွေးချယ်ရမည်။

(ဃ) ပါတီညီလာခံကို ညီလာခံတက်ရောက်ရန် ဖိတ်ကြားရွေးချယ်ထားသည့် ကိုယ်စားလှယ်ဦးရေ၏ (၆၅) ရာခိုင်နှုန်းတက်ရောက်မှသာ အထမြောက်ရမည်။

(င ) ပုံမှန် ညီလာခံသက်တမ်းသည် (၄) နှစ် ဖြစ်ရမည်။

(စ ) အရေးပေါ် ပါတီညီလာခံကို ဗဟိုကော်မတီမှ လိုအပ်သလို ခေါ်ယူရမည်။

**ပုဒ်မ ၁၃။ အမြင့်ဆုံးအာဏာ**

ပါတီညီလာခံသည် ချင်းအမျိုးသားတပ်ဦး၏ အမြင့်ဆုံးအာဏာတည်ရှိရာ ဖြစ်သည်။

**ပုဒ်မ ၁၄။ အာဏာကန့်သတ်လွှဲအပ်ခြင်း**

ညီလာခံသည် ညီလာခံကျင်းပသည့် အချိန်မှအပ ဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ နှင့် ဗဟို တရားသူကြီးအဖွဲ့ တို့ကို ညီလာခံကိုယ်စား လုပ်ပိုင်ခွင့်အာဏာများ ကန့်သတ်လွှဲအပ်ရမည်။

**ပုဒ်မ ၁၅။ ဖွဲ့စည်းခြင်း နှင့် ဦးရေသတ်မှတ်ခြင်း**

ညီလာခံသည် ဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ နှင့် ဗဟိုတရားသူကြီးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ဗဟိုကော်မတီဝင်ဦးရေ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဦးရေ၊ ဗဟိုတရားသူကြီးအဖွဲ့ဝင်ဦးရေ သတ်မှတ်ခြင်းတို့ကို ပြုလုပ်ရမည်။

**ပုဒ်မ ၁၆။ ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်း**

ညီလာခံသည် ပါတီ၏ ဥက္ကဋ္ဌ ကို တိုက်ရိုက်ရွေးချယ် တင်မြှောက်ရမည်။ ဗဟိုကော်မတီ (ဟောင်း) အစုအဖွဲ့မှ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရန် အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ်တစ်ဦး နှင့် ဗဟိုကော်မတီဝင် မဟုတ်သော ညီလာခံ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ရွေးချယ် အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ် တစ်ဦး (သို့မဟုတ်) နှစ်ဦးထဲ မှ ဥက္ကဋ္ဌကို ရွေးချယ်တင်မြှောက်ရမည်။

**ပုဒ်မ ၁၇။ ဗဟိုတရားသူကြီးအဖွဲ့ ရွေးချယ်ခြင်း**

ညီလာခံသည် ဤ ဥပဒေပါ ပုဒ်မ (၇၄) ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ ဥက္ကဋ္ဌ မှ ရွေးချယ် အမည်စာရင်း တင်သွင်းသော ဗဟိုတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌကို လည်းကောင်း၊ အဖွဲ့ဝင်များကို လည်းကောင်း ရွေးချယ်တင်မြှောက်ရမည်။

**ပုဒ်မ ၁၈။ ဒုတိယဥက္ကဋ္ဌများ ရွေးချယ်ခြင်း**

ညီလာခံသည် ဥက္ကဋ္ဌ မှ အမည်စာရင်းတင်သွင်းသော ဒုတိယဥက္ကဋ္ဌ (၁) ၊ ဒုတိယဥက္ကဋ္ဌ (၂) နှင့် ဒုတိယ ဥက္ကဋ္ဌ (၃) တို့ကို ရွေးချယ်တင်မြှောက်ရမည်။

**ပုဒ်မ ၁၉။ နာယကများ ရွေးချယ်ခြင်း**

ညီလာခံသည် ဥက္ကဋ္ဌမှ အမည်စာရင်း တင်သွင်းသော နာယကများကို ရွေးချယ်တင်မြှောက်ရမည်။

**ပုဒ်မ ၂၀။ အထွေထွေအတွင်းရေးမှူး၊ လက်ထောက်အထွေထွေအတွင်းရေးမှူးများ ရွေးချယ်ခြင်း**

ညီလာခံသည် ဥက္ကဋ္ဌ မှ အမည်စာရင်းတင်သွင်းသော အထွေထွေအတွင်းရေးမှူး၊ လက်ထောက် အထွေထွေ အတွင်းရေးမှူး (၁)၊ လက်ထောက် အထွေထွေအတွင်းရေးမှူး (၂) နှင့် လက်ထောက် အထွေထွေအတွင်း ရေးမှူး (၃) တို့ကို ရွေးချယ်တင်မြှောက်ရမည်။

**ပုဒ်မ ၂၁။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ရွေးချယ်တင်မြှောက်ခြင်း**

ညီလာခံသည် ဥက္ကဋ္ဌမှ အမည်စာရင်းတင်သွင်းသော ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၁၃) ဦးတို့ကို ရွေးချယ်တင်မြှောက်ရမည်။

**ပုဒ်မ ၂၂။ ဗဟိုကော်မတီဝင်များ ရွေးချယ်တင်မြှောက်ခြင်း**

ညီလာခံသည် ဗဟိုကော်မတီကို ဖွဲ့စည်းရာတွင် တော်သူရွေ့ဆောင်၊ လူမှန်နေရာမှန်၊ ဒေသစုံ၊ ချင်းအမျိုး သားတစ်ရပ်ဖြစ်သည်ဟူသော "မူ" ကို အခြေခံ၍ ပါတီထုကိုယ်စားလှယ် (၄၀) ဦး၊ အမျိုးသမီးကိုယ်စားလှယ် (၅) ဦးနှင့် ဒေသန္တရကိုယ်စားလှယ် (၃၂) ဦး၊ စုစုပေါင်း (၇၇) ဦးကို ပါတီဥက္ကဋ္ဌမှ အမည်စာရင်း တင်သွင်းပြီး ညီလာခံက ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဗဟိုကော်မတီကို ဖွဲ့စည်းပေးရမည်။

**ပုဒ်မ ၂၃။ မဲပေးပုံစနစ်**

(က) ညီလာခံတွင် ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပုဒ်မ ၉၁ (က) နှင့် ပုဒ်မ ၉၂ တို့အရ ညီလာခံ ကိုယ်စားလှယ်ဦးရေ၏ (၇၅) ရာခိုင်နှုန်း ထောက်ခံမဲဖြင့် မဲပေးသည့်စနစ်ကို ကျင့်သုံးသည်။

(ခ) ပါတီ၏ ဥက္ကဋ္ဌ ရွေးချယ်ရာတွင် ကိုယ်စားလှယ်လောင်း (၁) ဦးတည်းဖြစ်ပါက ပြိုင်ဘက်မရှိအနိုင်ရသူ (Single Winner) အဖြစ်သော်လည်းကောင်း၊ ကိုယ်စားလှယ်လောင်း (၂) ဦးဖြစ်ပါက သာမန်အများ စုမဲဖြင့်သော်လည်းကောင်း၊ ကိုယ်စားလှယ်လောင်း (၃) ဦးဖြစ်ပါက မဲအများဆုံးရရှိသူ (Plurality Vote) အနိုင်ရသည့်နည်းဖြင့်သော်လည်းကောင်း မဲပေးသည့်စနစ်ကို ကျင့်သုံးသည်။

(ဂ) ဒုတိယ ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ လက်ထောက်အထွေထွေအတွင်းရေးမှူးများ၊ ဗဟို ကော်မတီဝင်များ၊ ဗဟိုတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များတို့ကို ရွေးချယ်ရာတွင် မဲပေးသူဦးရေ ၏ သာမန်အများစုထောက်ခံမဲဖြင့် မဲပေးသည့်စနစ်ကို ကျင့်သုံးသည်။

(ဃ) အခြားကိစ္စများတွင် သာမန်အများစုထောက်ခံမဲဖြင့် မဲပေးသည့်စနစ်ကို ကျင့်သုံးသည်။

**ပုဒ်မ ၂၄။ လျှို့ဝှက်မဲပေးစနစ်**

ညီလာခံတွင် ရွေးကောက်တင် မြှောက် ခြင်းဆိုင်ရာကိစ္စများ၌ လျှို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးရမည်။

**ပုဒ်မ ၂၅။ အစီရင်ခံစာ ကြားနာခြင်း**

ညီလာခံသည် ဗဟိုကော်မတီ နှင့် ဗဟိုတရားသူကြီးအဖွဲ့တို့၏ လုပ်ငန်းအစီရင်ခံစာများကို ကြားနာစစ်ဆေးရ မည်။

## အခန်း (၄)

## ဗဟိုကော်မတီ

**ပုဒ်မ ၂၆။ အမြင့်ဆုံးကော်မတီ**

ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပုဒ်မ (၁၅) နှင့် ပုဒ်မ (၂၂) တို့အရ ဖွဲ့စည်းထားသည့် ချင်းအမျိုးသားတပ်ဦး၏ ဗဟိုကော်မတီသည် -

(က) အမျိုးသားတော်လှန်ရေးတပ်ဦး၏ အမြင့်ဆုံးသော ကော်မတီ ဖြစ်သည်။

(ခ ) အမျိုးသားတော်လှန်ရေး၏ မူဝါဒ နှင့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းအတွက် တစ်ခုတည်းသော ကော်မတီ ဖြစ်သည်။

**ပုဒ်မ ၂၇။ ဗဟိုကော်မတီဝင်**

ဗဟိုကော်မတီဝင်များသည် ချင်းအမျိုးသားတပ်ဦး၏ ပါတီဝင် ဖြစ်ရမည်။

**ပုဒ်မ ၂၈။ အဆင့်ဆင့်တာဝန်ခံမှု**

ဗဟိုကော်မတီကို အောက်ပါတာဝန်ခံမှု အဆင့်ဆင့်ဖြင့် ဖွဲ့စည်းရမည်။

(၁) ဥက္ကဋ္ဌ
(၂) ဒုတိယဥက္ကဋ္ဌ (၁)
(၃) ဒုတိယဥက္ကဋ္ဌ (၂)
(၄) ဒုတိယဥက္ကဋ္ဌ (၃)
(၅) အထွေထွေအတွင်းရေးမှူး
(၆) လက်ထောက်အထွေထွေအတွင်းရေးမှူး (၁)
(၇) လက်ထောက်အထွေထွေအတွင်းရေးမှူး (၂)
(၈) လက်ထောက်အထွေထွေအတွင်းရေးမှူး (၃)
(၉) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ
(၁၀) ဗဟိုကော်မတီဝင်များ

**ပုဒ်မ ၂၉။ ကြီးကြပ်ကွပ်ကဲမှုစနစ်**

ဗဟိုကော်မတီတွင် ဥက္ကဋ္ဌ၏ ကြီးကြပ်ကွပ်ကဲမှုစနစ်ကို ကျင့်သုံးရမည်။

**ပုဒ်မ ၃၀။ စွပ်စွဲချက် တင်သွင်းခြင်း**

ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌ နှင့် ဗဟိုတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ တို့အပေါ် စွပ်စွဲချက် တင်သွင်းခွင့် ရှိသည်။

**ပုဒ်မ ၃၁။ ညီလာခံခေါ်ယူခြင်း**

ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပုဒ်မ (၁၂) အရ ဗဟိုကော်မတီမှ ညီလာခံကို ခေါ်ယူ ကျင်းပရမည်။

**ပုဒ်မ ၃၂။ အာဏာခွဲဝေပေးခြင်းနှင့် တာဝန်ပေးအပ်ခြင်း**

ဗဟိုကော်မတီသည် ဌာနများ၊ အေဂျင်စီများ၊ ကော်မတီများ၊ ကော်မရှင်များ၊ ကောင်စီများ၊ အသင်းအဖွဲ့များ၊ အလုပ်အဖွဲ့များကို လိုအပ်သလို ဖွဲ့စည်း၍ အခွင့်အာဏာများကို ခွဲဝေပေးနိုင်ပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များကိုဖြစ်စေ၊ ဗဟိုကော်မတီဝင်များကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။

**ပုဒ်မ ၃၃။ ကာကွယ်ရေးဆိုင်ရာ အာဏာ နှင့် လုပ်ပိုင်ခွင့်များ**

ဗဟိုကော်မတီသည် -

(က) စစ်ကြောညာခြင်း နှင့် စစ်ပြေငြိမ်းခြင်း ပြုခွင့်ရှိသည်။

(ခ ) အမျိုးသားရန်သူ သတ်မှတ်ခွင့်ရှိသည်။

(ဂ ) အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ပြုနိုင်သည်။

**ပုဒ်မ ၃၄။ အရေးယူပိုင်ခွင့်အာဏာ**

ဗဟိုကော်မတီသည် ချင်းအမျိုးသားတပ်ဦး၏ အဖွဲ့ဝင်တစ်ဦးဦးအားဖြစ်စေ၊ အဖွဲ့ဝင်မဟုတ်သော်လည်း ချင်းအမျိုးသားတပ်ဦးတွင် ပါဝင်လာသူတစ်ဦးဦး အားဖြစ်စေ၊

(က) ချင်းအမျိုးသားတပ်ဦး၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့နှင့်အညီ အဖွဲ့ဝင်အဖြစ်မှ ဖြစ်စေ၊ လက်ရှိထမ်းဆောင်နေသောတာဝန်မှ ဖြစ်စေ ရာထူးလျှော့ချခြင်း၊ ရပ်စဲခြင်း၊ ထုတ်ပယ်ခြင်းများ ပြုလုပ်နိုင်သည်။

(ခ ) ချင်းအမျိုးသားတပ်ဦး၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့နှင့်အညီ ရာထူးခန့်အပ်ခြင်း၊ တိုးမြှင့်ခြင်း နှင့် လစ်လပ်နေရာများတွင် အစားထိုးခြင်းများ ပြုလုပ်နိုင်သည်။

**ပုဒ်မ ၃၅။ ဘဏ္ဍာရေး စီမံခန့်ခွဲခြင်း**

(က) ဗဟိုကော်မတီသည် ချင်းအမျိုးသားတပ်ဦး၏ အရအသုံး ခန့်မှန်းခြေဘတ်ဂျက်များကို အတည်ပြုဌာန်းရမည်။

(ခ ) ဗဟိုကော်မတီသည် အထွေထွေဘဏ္ဍာထိန်း (၁) ဦး ခန့်ထားရမည်။

**ပုဒ်မ ၃၆။ စာရင်းစစ်ချုပ်ရုံး ဖွဲ့စည်းခြင်း**

(က) ဗဟိုကော်မတီသည် စစ်ရင်းစစ်ချုပ်ကို ရွေးချယ်ခန့်အပ်ရမည်။

(ခ ) စာရင်းစစ်ချုပ်ရုံးသည် ပုံမှန်စာရင်းစစ်ခြင်းကို (၆) လ တစ်ကြိမ် ပြုလုပ်ရမည်။ လိုအပ်ပါက လိုအပ်သလို လွတ်လပ်စွာ စာရင်းစစ်ခြင်း ပြုလုပ်နိုင်ရမည်ဖြစ်ပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ လုပ်ငန်းအစီရင်ခံစာ တင်ပြရမည်။

**ပုဒ်မ ၃၇။ ဥပဒေပြဋ္ဌာန်းခြင်း**

ဗဟိုကော်မတီသည် ချင်းအမျိုးသားတပ်ဦး၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းနိုင်သည်။

**ပုဒ်မ ၃၈။ အစည်းအဝေး ခေါ်ယူခြင်း**

ချင်းအမျိုးသားတပ်ဦး၏ -

(က) ဗဟိုကော်မတီ ပုံမှန်အစည်းအဝေးကို (၁) နှစ် တစ်ကြိမ် ကျင်းပရမည်ဖြစ်ပြီး အရေးပေါ် အစည်းအဝေးကို လိုအပ်သလို ခေါ်ယူကျင်းပနိုင်သည်။

(ခ ) ဗဟိုကော်မတီ အစည်းအဝေးကို ဥက္ကဋ္ဌ (သို့မဟုတ်) ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်က ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အထွေထွေအတွင်းရေးမှူး သို့မဟုတ် အထွေထွေအတွင်းရေးမှူးမှ တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်မှတစ်ဆင့် ခေါ်ယူနိုင်သည်။

(ဂ ) ဗဟိုကော်မတီအစည်းအဝေးကို ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၅) ဦး အပါအဝင် ဗဟိုကော်မတီဝင် (၁၅) ဦးက အစည်းအဝေးကျင်းပရန် တောင်းဆိုလာပါက ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ ၏ တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်၊ အထွေထွေအတွင်းရေးမှူး သို့မဟုတ် အထွေထွေအတွင်းရေးမှူးမှ တာဝန်ပေးအပ်ခြင်းခံရသောပုဂ္ဂိုလ်မှတစ်ဆင့် ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီခေါ်ယူနိုင်သည်။

**ပုဒ်မ ၃၉။ အစည်းအဝေးအထမြောက်ခြင်း**

ဗဟိုကော်မတီအစည်းအဝေးသည် ဗဟိုကော်မတီဝင်ဦးရေ စုစုပေါင်း၏ ထက်ဝက်ကျော် ပါဝင်တက်ရောက်နိုင်မှသာ အစည်းအဝေး အထမြောက်ရမည်။

**ပုဒ်မ ၄၀။ နုတ်ထွက်လွှာတင်သွင်းခြင်း**

ချင်းအမျိုးသားတပ်ဦး၏ -

(က) ဒုတိယ ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ လက်ထောက်အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ် အမှုဆောင်ကော်မတီဝင်များ၊ ဗဟိုကော်မတီဝင်များ၊ ဗဟိုတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ၊ ဗဟိုတရားသူကြီးအဖွဲ့ဝင်များက နုတ်ထွက်လွှာတင်သွင်းလိုပါက ဥက္ကဋ္ဌ ထံသို့ တင်သွင်းရမည်။

(ခ ) ဥက္ကဋ္ဌသည် နုတ်ထွက်လွှာ တင်သွင်းလိုပါက ဒုတိယ ဥက္ကဋ္ဌ (၁) ထံ တင်သွင်းရမည်။

(ဂ ) ဥက္ကဋ္ဌ ဖြစ်စေ၊ ဒုတိယ ဥက္ကဋ္ဌများ ဖြစ်စေ၊ အထွေထွေအတွင်းရေးမှူး ဖြစ်စေ၊ လက်ထောက်အထွေထွေအတွင်းရေးမှူးများ ဖြစ်စေ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ဖြစ်စေ၊ ဗဟိုကော်မတီဝင်များဖြစ်စေ၊ ဗဟိုတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ ဖြစ်စေ၊ ဗဟိုတရားသူကြီးအဖွဲ့ အဖွဲ့ဝင်များဖြစ်စေ နုတ်ထွက်လွှာ တင်သွင်းလာပါက ဗဟိုကော်မတီ အစည်းအဝေး တက်ရောက်သူ၏ (၇၅) ရာခိုင်နှုန်း ထောက်ခံမဲဖြင့်သာ အတည်ပြုပေးရမည်။

**ပုဒ်မ ၄၁။ အစားထိုးခြင်း**

ဗဟိုကော်မတီသည် -

(က) ဗဟိုကော်မတီဝင်များ၏ နေရာလစ်လပ်ပါက ပြန်လည်အစားထိုး ခန့်အပ်နိုင်သည်။

(ခ ) ဗဟိုတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၏ နေရာလစ်လပ်ပါက ဤ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ ပုဒ်မ (၇၄) ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ ပြန်လည်အစားထိုးခန့်အပ်ရမည်။

**ပုဒ်မ ၄၂။ မဲပေးပုံစနစ်**

ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပုဒ်မ ၁၂ (က)၊ ပုဒ်မ ၄၀ (ဂ)၊ ပုဒ်မ ၉၀ နှင့် ပုဒ်မ ၉၅ ပါ ပြဋ္ဌာန်းချက်များမှ အပ ဗဟိုကော်မတီ အစည်းအဝေးများတွင် သာမန်အများစုမဲပေးစနစ်ကို ကျင့်သုံးရမည်။

**ပုဒ်မ ၄၃။ အစီရင်ခံစာ အတည်ပြုခြင်း**

ဗဟိုကော်မတီသည် ဗဟိုအလုပ်အမှုဆောင်ကော်မတီ နှင့် ဗဟိုတရားသူကြီးအဖွဲ့တို့မှ တင်သွင်းသော အစီရင်ခံစာအပေါ် စိစစ်သုံးသပ်အတည်ပြုရမည်။

**ပုဒ်မ ၄၄။ အစီရင်ခံခြင်း**

ဗဟိုကော်မတီသည် ၎င်း တာဝန်ယူလုပ်ဆောင်ရသော လုပ်ငန်းတာဝန်အရပ်ရပ်ကို ညီလာခံသို့ အစီရင်ခံရမည်။

## အခန်း (၅)

## ဗဟိုအလုပ်အမှုဆောင်ကော်မတီ

**ပုဒ်မ ၄၅။ ဖွဲ့စည်းခြင်း**

ချင်းအမျိုးသားတပ်ဦး၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ဥက္ကဋ္ဌ (၁) ဦး၊ ဒုတိယ ဥက္ကဋ္ဌ (၃) ဦး၊ အထွေထွေအတွင်းရေးမှူး (၁) ဦး၊ လက်ထောက်အထွေထွေအတွင်းရေးမှူး (၃) ဦး၊ ကော်မတီဝင် (၁၃) ဦး၊ စုစုပေါင်း (၂၁) ဦးဖြင့် ဖွဲ့စည်းသည်။

**ပုဒ်မ ၄၆။ လုပ်ငန်းအကောင်အထည်ဖော်ခြင်း**

ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ညီလာခံ နှင့် ဗဟိုကော်မတီအစည်းအဝေးမှ ချမှတ်ပေးသော မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်များကို တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင် ရွက်ရမည်။

**ပုဒ်မ ၄၇။ ခွဲခြားဆုံးဖြတ်ခြင်း နှင့် ကိုယ်စားဆောင်ရွက်ခြင်း**

ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် အရေးပေါ်ကိစ္စ၊ အရေးကြီးကိစ္စ နှင့် သာမန်ကိစ္စရပ်များကို ခွဲခြားဆုံးဖြတ်ချက်ချမှတ်နိုင်ပြီး သာမန်ကိစ္စနှင့် အရေးပေါ်ကိစ္စများတွင် ဗဟိုကော်မတီကိုယ်စား ဆုံးဖြတ်ခြင်း၊ ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်သည်။

**ပုဒ်မ ၄၈။ အတည်ပြုချက် ရယူခြင်း**

ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူရန် လိုအပ်သည့်ကိစ္စရပ်များနှင့်ဆိုင်သော ၎င်း၏ ဆုံးဖြတ်ချက်များကို အနီးကပ်ဆုံး ကျင်းပမည့် ဗဟိုကော်မတီအစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

**ပုဒ်မ ၄၉။ အစည်းအဝေးခေါ်ယူခြင်း နှင့် အထမြောက်ခြင်း**

ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ မှ တာဝန်ပေးအပ်ခြင်းခံရသူ၏ သဘောတူညီချက်အရ အထွေထွေအတွင်းရေးမှူး သို့မဟုတ် အထွေထွေအတွင်းရေးမှူး မှ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသူက ခေါ်ယူကျင်းပနိုင်ပြီး အနည်းဆုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးရေ၏ ထက်ဝက်ကျော်ပါဝင်တက်ရောက်မှသာ အစည်းအဝေး အထမြောက်စေရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် တစ်နှစ်အတွင်း (၄) လ တစ်ကြိမ် ပုံမှန်အစည်းအဝေးကျင်းပရမည်ဖြစ်ပြီး လိုအပ်သလို အရေးပေါ်အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်သည်။

**ပုဒ်မ ၅၀။ မဲပေးပုံစနစ်**

ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတွင် သာမန်အများစုမဲစနစ်ကို ကျင့်သုံးရမည်။

**ပုဒ်မ ၅၁။ အစီရင်ခံခြင်း**

ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ၎င်း၏ တာဝန်ယူလုပ်ဆောင်ချက်များ နှင့် ဆုံးဖြတ်ချက်များကို အနီးကပ်ဆုံး ဗဟိုကော်မတီအစည်းအဝေးသို့ အစီရင်ခံတင်သွင်းရမည်။

## အခန်း (၆)

## ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ နာယကများ၊ အထွေထွေအတွင်းရေးမှူး နှင့် လက်ထောက်အထွေထွေအတွင်းရေးမှူးများ

**ပုဒ်မ ၅၂။ အကြီးအကဲ**

ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌသည် ပါတီ၏ အကြီးအကဲ ဖြစ်သည်။

**ပုဒ်မ ၅၃။ စစ်သေနာပတိချုပ်**

ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌသည် ချင်းအမျိုးသားတပ်မတော်၏ စစ်သေနာပတိချုပ် ဖြစ်သည်။

**ပုဒ်မ ၅၄။ သဘာပတိ**

ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌသည် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတွင်သော်လည်း ကောင်း၊ ဗဟိုကော်မတီအစည်းအဝေးတွင်သော်လည်းကောင်း သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

**ပုဒ်မ ၅၅။ ဗီတိုအာဏာ**

ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌသည် ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေး နှင့် ဗဟိုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဗီတိုအာဏာကျင့်သုံးပိုင်ခွင့်ရှိသည်။

**ပုဒ်မ ၅၆။ အစည်းအဝေး ခေါ်ယူခြင်း**

ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌသည် အထွေထွေအတွင်းရေးမှူး (သို့မဟုတ်) လက်ထောက် အထွေထွေအတွင်းရေးမှူးများမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးကိုလည်းကောင်း၊ ဗဟိုကော်မတီ အစည်းအဝေးကိုလည်းကောင်း ခေါ်ယူနိုင်သည်။

**ပုဒ်မ ၅၇။ ဆုံးဖြတ်ချက်အတည်ဖြစ်ခြင်း**

(က) ဗဟိုကော်မတီအစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ဥက္ကဋ္ဌ (သို့မဟုတ်) သဘာပတိ က လက်မှတ်ရေးထိုးမှသာ အတည်ဖြစ်စေရမည်။

(ခ) ဥက္ကဋ္ဌ သည် ဗဟိုကော်မတီ နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတို့၏ ဆုံးဖြတ်ချက်များကို ကန့်ကွက်ခြင်းမရှိဘဲ (၇) ရက်အတွင်း လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ယင်း ဆုံးဖြတ်ချက်များသည် အလိုအလျောက် အတည်ဖြစ်ရမည်။

**ပုဒ်မ ၅၈။ ယာယီတာဝန်ခံခြင်း**

ဒုတိယ ဥက္ကဋ္ဌ (၁) သည် ဥက္ကဋ္ဌ မှ တာဝန်ပေးခြင်းခံရလျှင်သော်လည်းကောင်း၊ ဒုတိယ ဥက္ကဋ္ဌ (၂) သည် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ (၁) မရှိသည့် ကြားကာလတွင် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယ ဥက္ကဋ္ဌ (၁) မှ တာဝန်ပေးအပ်ခြင်းခံရလျှင်သော်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ (၃) သည် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ (၁) နှင့် ဒုတိယ ဥက္ကဋ္ဌ (၂) မရှိသည့် ကြားကာလတွင် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယ ဥက္ကဋ္ဌ (၁) သို့မဟုတ် ဒုတိယ ဥက္ကဋ္ဌ (၂) မှ တာဝန်ပေးအပ်ခြင်းခံရလျှင်သော်လည်းကောင်း၊ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ယာယီ တာဝန်ခံရမည်။

**ပုဒ်မ ၅၉။ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခြင်း**

ဒုတိယ ဥက္ကဋ္ဌ (၁) သည် ဥက္ကဋ္ဌနေရာ လစ်လပ်လျှင်သော်လည်းကောင်း၊ ဒုတိယ ဥက္ကဋ္ဌ (၂) သည် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ (၁) နေရာလစ်လပ်လျှင်သော်လည်းကောင်း၊ ဒုတိယ ဥက္ကဋ္ဌ (၃) သည် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ (၁) နှင့် ဒုတိယဥက္ကဋ္ဌ (၂) နေရာလစ်လပ်လျှင် အနီးကပ်ဆုံး ညီလာခံ ကျင်းပသည်အထိ ဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်ရမည်။

**ပုဒ်မ ၆၀။ နာယကများ**

နာယကများသည် -

(က) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများသို့ တက်ရောက်နိုင်သည်။

(ခ) အစည်းအဝေးများတွင် ဆွေးနွေးခြင်း၊ အကြံပေးခြင်း ပြုလုပ်နိုင်သည်။

(ဂ) ဆုံးဖြတ်ချက်ချမှတ်ရာတွင် မဲပေးပိုင်ခွင့် မရှိစေရ။

**ပုဒ်မ ၆၁။ အထွေထွေအတွင်းရေးမှူး**

အထွေထွေအတွင်းရေးမှူးသည် -

(က) ဤ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ (ခ) (ဂ)၊ ပုဒ်မ ၄၉ နှင့် ပုဒ်မ ၅၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်သော ဗဟိုကော်မတီအစည်းအဝေးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများကို ခေါ်ယူရမည်။

(ခ ) ဗဟိုကော်မတီအစည်းအဝေးများတွင်သော်လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများတွင်သော်လည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေး ဆုံးဖြတ်ချက်များကို မှတ်တမ်းတင် ထိန်းသိမ်းရမည်။

**ပုဒ်မ ၆၂။ ကြီးကြပ်ကွပ်ကဲခြင်း နှင့် လမ်းညွှန်မှုပေးခြင်း**

လက်ထောက်အထွေထွေအတွင်းရေးမှူးများ၊ ဌာနဆိုင်ရာအတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲ လမ်းညွှန်ပြီး လိုအပ်သလို အရေးယူဆောင်ရွက်နိုင်သည်။ လက်ထောက်အထွေထွေအတွင်းရေးမှူးများ အပါအဝင် ဌာနဆိုင်ရာ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များကို တပ်ဦးမူဝါဒနှင့်အညီ လမ်းညွှန်မှုပေးရမည်။

**ပုဒ်မ ၆၃။ လုပ်ငန်းအကောင်အထည်ဖော်ခြင်း**

ဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ဗဟိုမှ တိုက်ရိုက်ကိုင်တွယ်သော ကော်မတီများ၊ ကော်မရှင်များ၊ ကောင်စီများ၊ အသင်းအဖွဲ့များ၊ အလုပ်အဖွဲ့များ၊ အကြောင်းကိစ္စများ၊ ပုဂ္ဂိုလ်များ၊ ဆက်ဆံရေးရုံးများ၊ စီးပွားရေးရုံးများတို့နှင့် ပတ်သက်၍ ကြီးကြပ်ကွပ်ကဲရန်သော်လည်းကောင်း၊ အကောင်အထည်ဖော်ရာတွင်သော်လည်းကောင်း၊ ဆက်သွယ်ရာတွင်သော်လည်းကောင်း အဓိကတာဝန်ရှိသည်။

**ပုဒ်မ ၆၄။ အစီရင်ခံရန် တောင်းခံခြင်း**

ပါတီ၏ ဖွဲ့စည်းပုံအဆင့်ဆင့်မှ ပုံမှန်၊ အရေးပေါ် လုပ်ငန်းအစီရင်ခံစာ နှင့် ဘဏ္ဍာရေးအစီရင်ခံစာများကို သက်ဆိုင်ရာသို့ ပေးပို့ရန်ကို သော်လည်းကောင်း၊ ဗဟိုမှ တိုက်ရိုက်ကိုင်တွယ်ထားသော ကိစ္စရပ်များနှင့် ပတ်သက်၍ တာဝန်ရှိသူထံမှ လုပ်ငန်းအစီရင်ခံစာ နှင့် ဘဏ္ဍာရေးအစီရင်ခံစာကို သက်ဆိုင်ရာ တာဝန်ရှိသူထံသို့ အစီရင်ခံစာ ပေးပို့ရန်ကိုသော်လည်းကောင်း၊ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ (၄) လ တစ်ကြိမ် သို့မဟုတ် လိုအပ်သလို အစီရင်ခံရန်ကိုသော်လည်းကောင်း အမိန့်ထုတ်ပြန်ခြင်း၊ ညွှန်ကြားချက် ထုတ်ပြန်ခြင်းများ ဆောင်ရွက်ရမည်။

**ပုဒ်မ ၆၅။ အစီရင်ခံခြင်း**

ပါတီ၏ ဖွဲ့စည်းပုံအဆင့်ဆင့်မှ လုပ်ငန်းအစီရင်ခံစာ နှင့် ဘဏ္ဍာရေးအစီရင်ခံစာများကို ဗဟို အလုပ်အမှုဆောင်ကော်မတီ၊ ဗဟိုကော်မတီ နှင့် ညီလာခံသို့ အစီရင်ခံရမည်။

**ပုဒ်မ ၆၆။ လက်ထောက်အထွေထွေအတွင်းရေးမှူးများ**

ချင်းအမျိုးသားတပ်ဦး၏ -

(က) လက်ထောက်အထွေထွေအတွင်းရေးမှူး (၁)၊ လက်ထောက်အထွေထွေအတွင်းရေးမှူး (၂) နှင့် လက်ထောက်အထွေထွေအတွင်းရေးမှူး (၃) တို့သည် ညီလာခံ၊ ဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ နှင့် အထွေထွေအတွင်းရေးမှူးမှ ခွဲဝေပေးသော တာဝန်များကို ထမ်းဆောင်ရမည်။

(ခ ) လက်ထောက်အထွေထွေအတွင်းရေးမှူးများသည် အထွေထွေအတွင်းရေးမှူးအား အနီးကပ် ပံ့ပိုးကူညီရမည်။

**ပုဒ်မ ၆၇။ ကိုယ်စားဆောင်ရွက်ခြင်း**

ချင်းအမျိုးသားတပ်ဦး၏ -

(က) လက်ထောက်အထွေထွေအတွင်းရေးမှူး (၁) သည် အထွေထွေအတွင်းရေးမှူးက တာဝန်မထမ်းဆောင်နိုင်သည့် ကြားကာလတွင် အထွေထွေအတွင်းရေးမှူး၏ တာဝန်ပေးအပ်ချက်အရ (သို့မဟုတ်) ခွင့်ပြုချက်အရ ၎င်း၏ တာဝန်များကို ကိုယ်စားဆောင်ရွက်နိုင်သည်။

(ခ ) လက်ထောက်အထွေထွေအတွင်းရေးမှူး (၂) သည် အထွေထွေအတွင်းရေးမှူး နှင့် လက်ထောက်အထွေထွေအတွင်းရေးမှူး (၁)တို့က တာဝန်မထမ်းဆောင်နိုင်သည့် ကြားကာလတွင် အထွေထွေအတွင်းရေးမှူးနှင့် လက်ထောက်အထွေထွေအတွင်းရေးမှူး (၁) အသီးသီးတို့၏ ခွင့်ပြုချက်အရ (သို့မဟုတ်) တာဝန်ပေးအပ်ချက်အရ ၎င်းတို့၏ အသီးသီး တာဝန်များကို ကိုယ်စားဆောင်ရွက်နိုင်သည်။

(ဂ ) လက်ထောက်အထွေထွေအတွင်းရေးမှူး (၃) သည် အထွေထွေအတွင်းရေးမှူး၊ လက်ထောက်အထွေထွေအတွင်းရေးမှူး (၁) နှင့် လက်ထောက်အထွေထွေအတွင်းရေးမှူး (၂) တို့က တာဝန်မထမ်းဆောင်နိုင်သည့် ကြားကာလတွင် အထွေထွေအတွင်းရေးမှူး၊ လက်ထောက်အထွေထွေအတွင်းရေးမှူး (၁) နှင့် လက်ထောက်အထွေထွေအတွင်းရေးမှူး (၂) အသီးသီးတို့၏ ခွင့်ပြုချက်အရ (သို့မဟုတ်) တာဝန်ပေးအပ်ချက်အရ ၎င်းတို့၏ အသီးသီး တာဝန်များကို ကိုယ်စားဆောင်ရွက်နိုင်သည်။

**ပုဒ်မ ၆၈။ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခြင်း**

ချင်းအမျိုးသားတပ်ဦး၏ -

(က) လက်ထောက်အထွေထွေအတွင်းရေးမှူး (၁) သည် အထွေထွေအတွင်းရေးမှူး နေရာ လစ်လပ်ပါက အနီးကပ်ဆုံး ဗဟိုကော်မတီအစည်းအဝေးကျင်းပသည်အထိ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန် ထမ်းဆောင်ရမည်။

(ခ ) လက်ထောက်အထွေထွေအတွင်းရေးမှူး (၂) သည် အထွေထွေအတွင်းရေးမှူး နှင့် လက်ထောက်အထွေထွေအတွင်းရေးမှူး (၁) နေရာလစ်လပ်ပါက အနီးကပ်ဆုံး ဗဟိုကော်မတီ အစည်းအဝေး ကျင်းပသည်အထိ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရမည်။

(ဂ ) လက်ထောက်အထွေထွေအတွင်းရေးမှူး (၃) သည် အထွေထွေအတွင်းရေးမှူး၊ လက်ထောက်အထွေထွေအတွင်းရေးမှူး (၁) နှင့် လက်ထောက်အထွေထွေအတွင်းရေးမှူး (၂) နေရာများ လစ်လပ်ပါက အနီးကပ်ဆုံးဗဟိုကော်မတီ အစည်းအဝေး ကျင်းပသည်အထိ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရမည်။

## အခန်း (၇)

## ပါတီဝင်ဖြစ်ခြင်း၊ အခြေခံရပိုင်ခွင့်များ နှင့် တာဝန်ဝတ္တရားများ

**ပုဒ်မ ၆၉။ ပါတီဝင်ဖြစ်ခြင်း**

မည်သူမဆို -

(က) ချင်းအမျိုးသားတပ်ဦးမှ ပြဋ္ဌာန်းထားသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများ နှင့် လမ်းစဉ်များကို လက်ခံ၍ ပေးအပ်သောတာဝန်များကို ထမ်းဆောင်လိုစိတ်ရှိပြီး ထမ်းဆောင်နိုင်စွမ်းရှိသူတိုင်းသည် ပါတီဝင်ဖြစ်ခြင်းဥပဒေနှင့်အညီ ချင်းအမျိုးသားတပ်ဦး၏ ပါတီဝင် ဖြစ်နိုင်သည်။

(ခ ) ချင်းအမျိုးသားတပ်ဦး၏ ပါတီဝင်လျှောက်လွှာများကို ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ စိစစ်ပြီး အတည်ပြုခြင်း၊ ငြင်းပယ်ခြင်းများ ပြုလုပ်ရမည်။

**ပုဒ်မ ၇၀။ အခြေခံရပိုင်ခွင့်များ**

ပါတီဝင်တိုင်းသည် -

(က) ပါတီ၏ မူဝါဒသဘောထားများကို ကျင့်သုံးဆောင်ရွက်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပါတီ အစည်းအဝေးများတွင် လွတ်လပ်စွာ ပါဝင်ဆွေးနွေးခွင့်၊ ဝေဖန်ခွင့် နှင့် ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။

(ခ ) ပါတီ၏ မူဝါဒသဘောထားများနှင့်ပတ်သက်၍ မိမိထင်မြင်ယူဆချက်များကို အထက်အဖွဲ့အစည်းများသို့ လွတ်လပ်စွာ တင်ပြခွင့် ရှိသည်။

(ဂ ) ပါတီ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပါတီ၏ ရွေးကောက်ပွဲများတွင် ရွေးချယ်တင်မြှောက်ပိုင်ခွင့် နှင့် အရွေးချယ်ခံပိုင်ခွင့် ရှိသည်။

(ဃ) ဗဟိုကော်မတီအပါအဝင် မည်သည့်ကော်မတီကိုမဆို အကြံပေးချက်များ၊ အဆိုပြုချက်များ၊ ဝေဖန်ချက်များကို စနစ်တကျ တင်သွင်းခွင့် ရှိသည်။

(င ) လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရှိသည်။

**ပုဒ်မ ၇၁။ တာဝန်ဝတ္တရားများ**

ပါတီဝင်တိုင်းသည် -

(က) ချင်းအမျိုးသားတပ်ဦး၏ အခြေခံမူဝါဒ၊ အခြေခံနိုင်ငံရေးလမ်းစဉ်ကို လက်ခံယုံကြည်ရမည်။

(ခ ) ချင်းအမျိုးသားတပ်ဦး၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ နှင့် နည်းဥပဒေများကို တစ်သဝေမတိမ်း လိုက်နာရမည်။

(ဂ ) ချင်းအမျိုးသားတပ်ဦး၏ အခြေခံနိုင်ငံရေးလမ်းစဉ်၊ အခြေခံမူဝါဒ နှင့် အထွေထွေလုပ်ငန်းစဉ်များ အပေါ် အခြေခံ၍ ချင်းတမျိုးသားလုံး၏ သွေးစည်းညီညွတ်ရေးကို အစဉ်ထာဝရ အခိုင်အမာ တည်ဆောက်ရန် ၎င်း၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို စွန့်၍ ကာကွယ်ထိန်းသိမ်းရမည်။

(ဃ) အထက်မှ ပေးအပ်သောတာဝန်များကို ကျေပြွန်စွာ ထမ်းဆောင်ရမည်။

(င ) ပါတီ၏ လျှို့ဝှက်ချက်များကို မပေါက်ကြားစေရန် တင်းကြပ်စွာ စောင့်ထိန်းကာကွယ်ရမည်။

## အခန်း (၈)

## ဗဟိုတရားစီရင်ရေး

**ပုဒ်မ ၇၂။ အမြင့်ဆုံးတရားစီရင်ရေး**

ဗဟိုတရားသူကြီးအဖွဲ့သည် အမြင့်ဆုံးသော တရားစီရင်ရေးအဖွဲ့ ဖြစ်သည်။

**ပုဒ်မ ၇၃။ ဖွဲ့စည်းခြင်း**

ဗဟိုတရားစီရင်ရေးအဖွဲ့ကို ဗဟိုတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ (၁) ဦး နှင့် အဖွဲ့ဝင် (၄) ဦး၊ စုစုပေါင်း (၅) ဦးဖြင့် ဖွဲ့စည်းရမည်။

**ပုဒ်မ ၇၄။ အရည်အချင်း**

ဗဟိုတရားသူကြီးများသည် -

(က) ချင်းအမျိုးသားတပ်ဦး၏ ပါတီဝင်ဖြစ်ရမည်။

(ခ ) အမျိုးသားတော်လှန်ရေးလုပ်သက် အနည်းဆုံး (၂) နှစ် ပြည့်သူ ဖြစ်ရမည်။

**ပုဒ်မ ၇၅။ ဗဟိုတရားသူကြီးအဖွဲ့၏ တာဝန် နှင့် လုပ်ပိုင်ခွင့်များ**

ဗဟိုတရားသူကြီးအဖွဲ့သည် -

(က) ဗဟိုတရားရုံးကို ဖွဲ့စည်းရမည်။

(ခ ) ဗဟိုတရားရုံး၏ လက်အောက်ခံတရားရုံး၊ ခုံရုံး နှင့် ခုံအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

**ပုဒ်မ ၇၆။ ရုံးထိုင်ရာနေရာ**

ဗဟိုတရားစီရင်ရေးအဖွဲ့၏ တရားသူကြီးများသည် မည်သည့်နေရာတွင်မဆို ရုံးထိုင်နိုင်သည့်အပြင် လက်အောက်ခံ တရားရုံးများ ရုံးထိုင်မည့်နေရာကိုလည်း သတ်မှတ်ပေးနိုင်သည်။

**ပုဒ်မ ၇၇။ တရားသူကြီးများခန့်အပ်ခြင်း**

ဗဟိုတရားစီရင်ရေးအဖွဲ့၏ တရားသူကြီးများသည် ဗဟိုတရားရုံး၏ လက်အောက်ခံတရားရုံးများ အတွက် တရားသူကြီးများ၊ ခုံရုံး ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များကို ခန့်အပ်နိုင်သည်။

**ပုဒ်မ ၇၈။ အာဏာခွဲဝေပေးခြင်း**

ဗဟိုတရားသူကြီးအဖွဲ့သည် ဗဟိုတရားရုံး၊ လက်အောက်ခံတရားရုံးများ၊ ခုံရုံးများ နှင့် လက်အောက်ခံတရားသူကြီးများ အပါအဝင် လက်အောက်ခံ တရားစီရင်ရေးအဖွဲ့များအား တာဝန် နှင့် လုပ်ပိုင်ခွင့်အာဏာများကို ချင်းအမျိုးသားတပ်ဦး၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွဲဝေပေးရမည်။

**ပုဒ်မ ၇၉။ လမ်းညွှန်မှုပေးခြင်း**

ဗဟိုတရားသူကြီးအဖွဲ့သည် ဗဟိုတရားရုံး၏ လက်အောက်ခံတရားရုံးများ၊ ခုံရုံးများ နှင့် လက်အောက်ခံ တရားသူကြီးများအပါအဝင် လက်အောက်ခံတရားစီရင်ရေး အဖွဲ့များကို ကြီးကြပ်၊ ကွပ်ကဲ၊ စစ်ဆေး၊ လမ်းညွှန်မှုများ ပေးရမည်။

**ပုဒ်မ ၈၀။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအဓိပ္ပာယ်ဖွင့်ဆိုခြင်း နှင့် မှုခင်းများစစ်ဆေးစီရင်ခြင်း**

ဗဟိုတရားသူကြီးအဖွဲ့သည် -

(က) ချင်းအမျိုးသားတပ်ဦး၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခွင့် အာဏာရှိသည်။

(ခ ) ချင်းအမျိုးသားတပ်ဦး၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အငြင်းပွား၍ ပေါ်ပေါက်လာသော မှုခင်းများကို စီရင်ဆုံးဖြတ်ရမည်။

**ပုဒ်မ ၈၁။ တင်ပြခြင်း**

ဗဟိုတရားသူကြီးအဖွဲ့သည် ဥပဒေ အချင်းချင်း ပဋိပက္ခဖြစ်နေကြောင်း သို့မဟုတ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အငြင်းပွားဖွယ်ရာရှိကြောင်း တွေ့ရှိပါက ဗဟိုကော်မတီသို့ တင်ပြရမည်။

**ပုဒ်မ ၈၂။ ပုံမှန်လုပ်ငန်း အစီရင်ခံခြင်း**

ဗဟိုတရားသူကြီးအဖွဲ့သည် ညီလာခံသို့ ပုံမှန်လုပ်ငန်းအစီရင်ခံစာများ တင်သွင်းရမည်။ ညီလာခံ ကျင်းပချိန်မဟုတ်ပါက ဗဟိုကော်မတီသို့ အနည်းဆုံး တစ်နှစ်တစ်ကြိမ် ပုံမှန်အစီရင်ခံစာ တင်သွင်းရမည်။

**ပုဒ်မ ၈၃။ စီရင်ချက် အပြီးသတ်ဖြစ်ခြင်း**

ဗဟိုတရားရုံး၏ စီရင်ချက်တိုင်းသည် နောက်ဆုံး နှင့် အပြီးသတ် ဖြစ်ရမည်။

**ပုဒ်မ ၈၄။ နောက်ဆုံးအယူခံရုံး**

ဗဟိုတရားရုံးသည် နောက်ဆုံးအယူခံတရားရုံး ဖြစ်ရမည်။

**ပုဒ်မ ၈၅။ ပြန်လည်စိစစ် စီရင်ပိုင်ခွင့်**

ဗဟိုတရားရုံးသည် လက်အောက်ခံတရားရုံးများမှ တင်သွင်းလာသော မှုခင်းများ သို့မဟုတ် အယူခံချက်များကို စစ်ဆေးစီရင်ရမည်။ လိုအပ်ပါက အစမှ ပြန်လည်စစ်ဆေးစီရင်နိုင်ရမည်။

**ပုဒ်မ ၈၆။ စီရင်ချက် အတည်ဖြစ်ခြင်း**

ဗဟိုတရားရုံး၏ လက်အောက်ခံတရားရုံးများ၊ ခုံရုံးများက သေဒဏ်ချမှတ်သော စီရင်ချက်သည် ဗဟိုတရားရုံးက အတည်ပြုမှသာ အတည်ဖြစ်စေရမည်။

**ပုဒ်မ ၈၇။ လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်**

တရားသူကြီးများသည် လွတ်လပ်စွာတရားစီရင်ပိုင်ခွင့် ရှိသည်။

**ပုဒ်မ ၈၈။ အရေးယူခြင်း**

(က) ဗဟိုတရားသူကြီးများသည် စိတ်ပိုင်း နှင့် ရုပ်ပိုင်းဆိုင်ရာလွန်ကဲစွာ နာမကျန်းဖြစ်၍ မိမိ တာဝန်ကို မထမ်းဆောင်နိုင်တော့ခြင်း သို့မဟုတ် လွန်ကဲစွာ ကျင့်ဝတ်သိက္ခာ ပျက်ပြားခြင်း သို့မဟုတ် သာမန်လူလက်မခံနိုင်သော ကျင့်ဝတ်သိက္ခာ ပျက်ပြားခြင်းများရှိပါက ဗဟိုကော်မတီက စစ်ဆေးစီရင် အရေးယူရမည်။

(ခ ) လက်အောက်ခံတရားရုံး တရားသူကြီးများသည် မိမိတာဝန်ကို မထမ်းဆောင်နိုင်ခြင်း သို့မဟုတ် ကျင့်ဝတ်သိက္ခာပျက်ပြားခြင်းရှိပါက ဗဟိုတရားရုံးက စစ်ဆေးစီရင် အရေးယူရမည်။

**ပုဒ်မ ၈၉။ ကင်းလွတ်ခွင့်**

တရားသူကြီးများသည် ၎င်းတို့တရားစီရင်ရေးဆိုင်ရာ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ အရေးယူ တရားစွဲဆိုခံရခြင်း တစ်စုံတစ်ရာ မရှိစေရ။

## အခန်း (၉)

## ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း

**ပုဒ်မ ၉၀။ ဗဟိုကော်မတီမှ ပြင်ဆင်ခြင်း**

ဗဟိုကော်မတီသည် ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ မူရင်းအဓိပ္ပာယ် နှင့် အနှစ်သာရများ၊ ပါတီ၏ အခြေခံ မူဝါဒလမ်းစဉ်များနှင့် မဆန့်ကျင်စေဘဲ ဗဟိုကော်မတီအစည်းအဝေးတက်ရောက်သူ အားလုံး၏ (၇၅) ရာခိုင်နှုန်း ထောက်ခံမဲဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာကို ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။

**ပုဒ်မ ၉၁။ ညီလာခံမှ ပြင်ဆင်ခြင်း**

ညီလာခံသည် -

(က) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ခုလုံးကို ညီလာခံကိုယ်စားလှယ်ဦးရေ၏ (၇၅) ရာခိုင်နှုန်း ထောက်ခံမဲဖြင့် ပြဋ္ဌာန်းခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

(ခ ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာကို ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။

**ပုဒ်မ ၉၂။ ချင်းအမျိုးသားတပ်ဦးအား ဖျက်သိမ်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်း**

ညီလာခံသည် ချင်းအမျိုးသားတပ်ဦးအား ဖျက်သိမ်းခြင်း (သို့မဟုတ်) အမည်ပြောင်းလဲခြင်းကို ညီလာခံကိုယ်စားလှယ်ဦးရေ၏ (၇၅) ရာခိုင်နှုန်း ထောက်ခံမဲဖြင့် ပြုလုပ်နိုင်သည်။

## အခန်း (၁၀)

## အထွေထွေပြဋ္ဌာန်းချက်များ

**ပုဒ်မ ၉၃။ ခိုလှုံခွင့်**

ချင်းအမျိုးသားတပ်ဦးသည် စစ်ပြေးဒုက္ခသည်များ နှင့် နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများကို ချင်းအမျိုးသားတပ်ဦး၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ဥပဒေများ၊ နည်းဥပဒေ၊ တပ်ဦး၏ မူဝါဒများနှင့် မဆန့်ကျင်ပါက လူသားချင်းစာနာထောက်ထားသောအားဖြင့် ခိုလှုံခွင့်ပေးနိုင်သည်။

**ပုဒ်မ ၉၄။ တန်းတူအခွင့်အရေး**

မည်သူမဆို ဥပဒေရှေ့မှောက်တွင် တန်းတူအခွင့်အရေး ရှိသည်။

**ပုဒ်မ ၉၅။ အမျိုးသားညီလာခံခေါ်ယူခြင်း**

ဗဟိုကော်မတီသည် ချင်းအမျိုးသားညီလာခံကို ဗဟိုကော်မတီအစည်းအဝေး တက်ရောက်သူ၏ (၆၅) ရာခိုင်နှုန်း ထောက်ခံမဲဖြင့် ခေါ်ယူခွင့်ရှိသည်။

## နောက်ဆက်တွဲ

## ကတိပြုချက် ပုံစံ

## ဗဟိုကော်မတီဝင်များ၏ ကတိသစ္စာပြုချက်

ကျွန်ုပ် …….. သည် အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံချက်ရှိသော ချင်းလဲန်တည်ဆောက်ရေး၊ နိုင်ငံရေးနှင့် အမျိုးသားတန်းတူရေး အာမခံချက်ရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ဒီမိုကရေစီစနစ်တည်ဆောက်ရေးတို့အတွက် ဖွဲ့စည်းထားသည့် ချင်းအမျိုးသားတပ်ဦး၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအား လေးစားလိုက်နာပါမည်။ ချင်းအမျိုးသားတပ်ဦး၏ ညီလာခံ၊ ဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ နှင့် ချင်းအမျိုးသားတပ်ဦး၏ ဖွဲ့စည်းမှုဆိုင်ရာ အဆင့်ဆင့်မှ ပေးအပ်သည့် တာဝန်ဝတ္တရားများကို အရိုးကျေကျေ၊ အရေခမ်းခမ်း၊ အသက်ကို ပဓာနမထား၊ ချင်းအမျိုးသားတော်လှန်ရေး တာဝန်ဝတ္တရားများအား ဦးလည်မသုန်ထမ်းရွက်ပါမည်ဟု ချင်းအမျိုးသားအလံတော်အား ကိုင်စွဲလျက် လေးနက်တည်ကြည်စွာဖြင့် ကတိသစ္စာပြုပါသည်။

## ဗဟိုတရားသူကြီးအဖွဲ့ဝင်များ၏ ကတိသစ္စာပြုချက်

ကျွန်ုပ် …….. သည် အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံချက်ရှိသော ချင်းလဲန်တည်ဆောက်ရေး၊ နိုင်ငံရေးနှင့် အမျိုးသားတန်းတူရေး အာမခံချက်ရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ဒီမိုကရေစီစနစ်တည်ဆောက်ရေးတို့အတွက် ဖွဲ့စည်းထားသည့် ချင်းအမျိုးသားတပ်ဦး၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအား လေးစားလိုက်နာပါမည်။ ချင်းအမျိုးသားတပ်ဦး၏ ညီလာခံမှ တိုက်ရိုက်ပေးအပ်သည့် တရားစီရင်ရေးအာဏာနှင့် အညီသော်လည်းကောင်း၊ ချင်းအမျိုးသားတပ်ဦး၏ တရားစီရင်ရေးမူများနှင့်အညီသော်လည်းကောင်း၊ ဗဟိုတရားသူကြီးကျင့်ဝတ်နှင့်အညီသော်လည်းကောင်း၊ ဗဟိုတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ / အဖွဲ့ဝင်တစ်ဦး၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်ဟု ချင်းအမျိုးသားအလံတော်အား ကိုင်စွဲလျက် လေးနက်တည်ကြည်စွာဖြင့် ကတိသစ္စာပြုပါသည်။

(၁၉၉၅ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့တွင် ပါတီဗဟိုကော်မတီမှ အတည်ပြုပြဋ္ဌာန်းလိုက်သည်)